မဂ်ပညာ-ဖိုလ်ပညာရအောင် အားထုတ်ရမယ့်အလုပ် . . . တို့ကို ပိုင်းပိုင်းခြားခြားသိပြီဆိုရင် . . . မိမိတို့အချိန်ရှိသမျှ ဒီအလုပ်များကို . . . လုပ်နေရမှာပါ။ အဲဒီသဘောလေးကို ပေါက်ဖို့ လိုပါတယ်။

အချိန်အားရတိုင်း . . . ဒီလို ရုပ်အကြောင်း၊ ခန္ဓာအကြောင်း၊ ဝေဒနာအကြောင်း . . . စဉ်းစားဆင်ခြင်တဲ့အလုပ်ကို လုပ်ရမှာဖြစ်ပါတယ်။ အဲဒီလိုလုပ်နေမှ . . . "အတ္တဒိဋ္ဌိ" ဆိုတဲ့ "ငါအစွဲ" လျော့ပါမယ်။ "ငါအစွဲ" လျော့မှ မာန်တွေကျပါမယ် . . .။ မာန်တွေကျမှ အကုသိုလ်နည်းပါမယ်။

ဒီသဘောတွေကို ကျွန်တော်တို့သင်ယူရပါပြီ။ ဒီတရားတွေဟာ "သမ္မာသမ္ဗုဒ္ဓ" ကမှ ပေးနိုင်တဲ့ပညာများဖြစ်ပါတယ်။ အဲဒီတော့ . . . ဒါတွေကို သေသေချာချာ မြတ်မြတ်နိုးနိုး သိမ်းပိုက်ပြီးတော့ . . . မိမိရင်မှာထားပြီး တိုးပွားသည်ထက်တိုးပွားအောင် . . . ကြိုးစားနိုင်ကြပါစေ . . .။

သာဓု . . . သာဓု . . . သာဓု



# " ဝိပဿနာဘာဝနာ နှင့် ဂရုကမ္မ "

ကျွန်တော်တို့ ဒီကနေ့ ၂၀၀၇ ခုနှစ်၊ ဧပြီလ (၂၉) ရက်၊ တနင်္ဂနွေနေ့၊ ရန်ကုန်မြို့၊ အာဇာနည်လမ်း၊ သာမဏေဗိမာန်တော်မှာ . . . (၂၅)ကြိမ်မြောက် "ဗုဒ္ဓဒေသနာသင်တန်း" ဒီနေ့ . . . နောက်ဆုံးနေ့ သင်ကြားပို့ချပေးမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အခုလေ့လာခဲ့တဲ့အကြောင်းအရာမှာ . . . သမထဘာဝနာပွားများဖို့အတွက် . . . သမထဘာဝနာ၏ အခြေခံသဘောတရားများကို လေ့လာခဲ့ပါပြီ။ ပြီးတော့ အခု "ဝိပဿနာ ဘာဝနာ" အလုပ်ကို . . . ပွားများကြမယ့်ပုဂ္ဂိုလ်များ . . . ဓမ္မသဘာဝများကို နှလုံးသွင်းဆင်ခြင်နိုင်အောင် . . . အခုထပ်ပြီး . . . လိုအပ်တဲ့အချက်အလက်များကို ပြောပြပေးပါမယ်။

ဒီဒေသနာမှာရှိတဲ့ ဓမ္မသဘာဝများ၊ ရုပ်-နာမ်တို့သဘာဝတရားအတိုင်း အလုပ်လုပ်နေတာ . . . ရုပ်နာမ်တို့ အလုပ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ "ကံစွမ်းအား" များ ဆက်သွယ်နေတဲ့အကြောင်း အကျိုးဆက်စပ်မှုသဘောများကို . . . ခြုံငုံသုံးသပ်တတ်အောင် လေ့လာမှာဖြစ်ပါတယ်။

ဒီဒေသနာနဲ့ ပတ်သက်၍ အဓိကအားဖြင့် . . . မူလကတည်းကသင်ခဲ့တဲ့ "ဝဋ်သုံးပါး" ရှိပါတယ်။ "ဝိပါကဝဋ်" "ကိလေသဝဋ်" "ကမ္မဝဋ်" ဆိုတဲ့ ဝဋ်သုံးပါးလည်နေပါတယ်။ အဲဒီသဘောကို နှလုံးသွင်းဆင်ခြင်ရပါမယ်။

ဒီတော့ "ဝဋ်သုံးပါး" လည်ခြင်းသည်ပင် "ဘဝစက်" လည်တာပါ။ အဲဒီအချက်ကို သေသေချာချာနှလုံးသွင်းရပါမယ်။ လည်နေတယ်ဆိုတဲ့သဘောကို ကျွန်တော်တို့ရဲ့ "ဒေသနာ" က "သံသရာ" လို့ပြောပါတယ်။ ဒီအကြောင်းအရာတွေကို သေသေချာချာတစ်ခုနဲ့ တစ်ခုဆက်စပ်ပြီး တွေးတောဆင်ခြင်နိုင်ဖို့အတွက် ဒီပညာများကို သင်ပေးနေပါတယ်။

ဘဝဆိုတဲ့သဘာဝဟာ . . . စက်သဘောနဲ့လည်ပတ်နေပါတယ်။ စက်သဘောနဲ့ လည်ပတ်နေတဲ့ဘဝမှာ "ဝိပါကလည်းစက်၊ ကိလေသလည်းစက်၊ ကမ္မလည်းစက်" . . . ဆိုတဲ့ စက်သုံးခုဟာ . . . သဘာဝတရားအတိုင်း လည်ပတ်နေရပါတယ်။

အလုပ်နဲ့ပတ်သက်လို့ လည်ပတ်နေတာကို "ကမ္မဝဋ္ဋ" လို့ ခေါ်ပါတယ်။ အဲဒီ အလုပ်တွေက . . . "မနောကမ္မ"၊ "ဝစီကမ္မ"၊ "ကာယကမ္မ" ဆိုတဲ့ အလုပ်သုံးခု လုပ်ပါတယ်။ ကံသုံးပါးဖြစ်ပါတယ်။ ဒီကံသုံးပါးက "ကမ္မဝဋ္ဋ" လို့ခေါ်တဲ့ စက်မှာလည်ပတ်ပြီး အလုပ်လုပ်နေ ပါတယ်။ ကံသုံးပါးဟာ နေ့စဉ်နဲ့အမျှ အိပ်ရာကထလာရင် . . . ဒီကံသုံးပါးကိုပဲ လုပ်နေကြ ရပါတယ်။

အဲဒီကံသုံးပါးကိုလုပ်တိုင်း . . . "ကံစွမ်းအား" တွေ ထွက်နေပါတယ်။ တစ်နေ့တာ ခရီးကို ဒီကံသုံးပါးနဲ့ပဲ ခရီးသွားနေရပါတယ်။ ဒီလို ကံသုံးပါးနဲ့ ခရီးသွားနေရတဲ့အလုပ်ကို "ကမ္မဘဝ" လို့ ခေါ်ပါတယ်။ ဒီအလုပ်သုံးမျိုးနဲ့ပဲ "ဘဝခရီး" ကို လျှောက်နေရပါတယ်။

ကံသုံးပါးနဲ့အလုပ်လုပ်၍ လျှောက်နေရခြင်းကြောင့် "ကမ္မဘဝ" လို့ ပြောရပါတယ်။ ဒေသနာမှာပါတဲ့အတိုင်း သဘာဝတရားတွေကို လေ့လာပါမယ်။

ရုပ်ခန္ဓာ . . . နာမ်ခန္ဓာ . . . ရုပ်အဖွဲ့အစည်း . . . နာမ်အဖွဲ့အစည်း ရှိကြပါတယ်။

ရုပ်အဖွဲ့အစည်းကထွက်ပေါ်လာတဲ့ . . . ရုပ်စွမ်းအားများ ၊ နာမ်အဖွဲ့အစည်းက ထွက်ပေါ်လာတဲ့ . . . နာမ်စွမ်းအားများ ပူးတွဲပြီးတော့ . . . "ကမ္မ" လို့ဆိုတဲ့အလုပ်ကို . . . ဖော်ဆောင်ပေးပါတယ်။ အဲဒီမှာ . . . သဘောပေါက်အောင် . . . တကယ်အဟုတ် မိမိမှာ . . . ဖြစ်နေတဲ့အကြောင်းကို နားလည်ဖို့လိုပါတယ်။

သဘာဝအတိုင်း အလုပ်လုပ်နေတဲ့ ရုပ်စွမ်းအားနှင့် နာမ်စွမ်းအားတို့ ပူးတွဲပြီး အလုပ်လုပ်လို့ . . . ထွက်ပေါ်လာတဲ့ "ကံစွမ်းအား" များဟာ သဘာဝတရားများဖြစ်ပါတယ်။ ဒါတွေဟာ . . . "ဓမ္မသဘာဝ" တွေပါပဲ။



အဆင့်သို့ . . . အရိယာဘုံမိသို့ တက်လှမ်းနိုင်ပါမယ်။ အရိယာလေးဆင့်မှာ . . . ပထမဦးဆုံး အဆင့်ဟာ . . . "သောတာပန်" အဆင့်ဖြစ်ပါတယ်။ အဲဒီအဆင့်ကိုရပြီဆိုရင် . . . ဒီပုဂ္ဂိုလ်ရဲ့ ဘဝဟာ . . . ခုနှစ်ဘဝပဲ . . . ဒီ "ကာမာဝစရဘုံ" မှာ နေရပါတော့မယ်။

"ကာမာဝစရဘုံ" ဆိုတာဟာ . . . လူ့ဘုံ၊ နတ်ဘုံလို . . . အာရုံငါးပါးနဲ့ ကျင်လည် နေရမယ့်ဘဝမျိုး . . . ခုနှစ်ဘဝပဲနေပါမယ်။ အဲဒါဟာ . . . သောတာပတ္တိမဂ်ဉာဏ်က . . . ကိလေသာအစိတ်အပိုင်းတွေကို ပယ်လိုက်တာဖြစ်ပါတယ်။ "ဒိဋ္ဌိဥပါဒါန်" ကို ပယ်နိုင်ပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့အလုပ်သဘောပဲ ဖြစ်ပါတယ်။

ဒီပညာတွေကို အခုသင်ယူထားတာက . . . "သုတမယ"ပဲ ရှိပါတယ်။ ဟုတ်၏ မဟုတ်၏ကို ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစားရပါမယ်။ စဉ်းစားသောအလုပ်ဟာ သာမန်မဟုတ်ပါဘူး။ "ဝိပဿနာဘာဝနာ"ပါ။ အခုပြောတဲ့ပညာတွေကို ထပ်တလဲလဲပြန်ပြီးနှလုံးသွင်းဆင်ခြင် နေတာဟာ . . . "ဝိပဿနာဘာဝနာ" ဖြစ်ပါတယ်။ အဲဒါကိုကွဲကွဲပြားပြား သိရပါမယ်။

"ဝိပဿနာဘာဝနာ" ဆိုတာဟာ စဉ်းစားနေမှ ပေါ်ပါတယ်။ စဉ်းစားနေတယ်ဆိုတာ ဟာ အချိန်မရွေး မိမိအားလပ်တိုင်း . . . စဉ်းစားနိုင်ပါတယ်။ အဲဒီမှာပညာ (၂) ခု ရှိပါတယ်။

တစ်ခုက . . . သမာဓိကိုတည်ထောင်သော . . . သမာဓိအားကို ရစေတဲ့ပညာက တစ်မျိုးပါ။ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို ရစေသော ပညာကတစ်မျိုးဖြစ်ပါတယ်။ အဲဒီ (၂)မျိုးမှာ သမာဓိအားရအောင် တည်ထောင်တဲ့အလုပ်ဆိုတာက . . . ဆိတ်ငြိမ်ရာရှိမှ . . . ဘာရှိမှ . . . ညာရှိမှ . . . အဆင့်အမျိုးမျိုးနဲ့ တည်ထောင်ရပါတယ်။

အခု "ဝိပဿနာဘာဝနာ" ဆိုတာက မိမိအိမ်မှာ ဘယ်အချိန်ပဲဖြစ်ဖြစ် . . . အားတဲ့ အချိန်တိုင်း ဒီအကြောင်းအရာတွေ . . . ရုပ်အကြောင်းတွေ . . . ဝေဒနာအကြောင်းတွေ . . . ခန္ဓာအကြောင်းတွေကို စဉ်းစားနေရင် . . . ဝိပဿနာဉာဏ်တွေ တိုးပွားနေပါတယ်။ အဲဒီလို တိုးပွားအောင် အားထုတ်တဲ့အလုပ်ကို CONTEMPLATION လို့ ခေါ်ပါတယ်။ "သမာဓိ" ရအောင်လုပ်တာကိုတော့ . . . CONCENTRATION လို့ ခေါ်ပါတယ်။

ကျွန်တော်တို့တတွေ . . . အဲဒီလို "သမာဓိ" အားရအောင် အားထုတ်ရမယ့်အလုပ်၊

သောတာပတ္တိမဂ်ကို ရနိုင်လောက်အောင် အားထုတ်ရပါမယ်။ အဲဒါဟာ . . . "ဂရုကံ" ဖြစ်သော ဝိပဿနာဉာဏ်အား ကောင်းရပါမယ်။ ဒီလို . . . "ဝိပဿနာဉာဏ်" အားကောင်းဖို့မှာ . . . "သမထဘာဝနာ" နဲ့ ပွားများထားသော "သမာဓိ" အားလည်း ပါဝင်ရပါမယ်။

"သမာဓိ" အားဟာ အလွန်မြင့်သော အဆင့်သို့မရောက်သော်လည်း . . . "ဥပစာရ" . . . သမာဓိ . . . ခေါ်တဲ့ ရှေ့ပိုင်းသမာဓိ . . . လောက်ရရင် . . . ဒီဝိပဿနာဘာဝနာအားကအလုပ်ဖြစ်ပါတယ်။ အဲဒီ ဝိပဿနာအားက "ဂရုကံ" ဖြစ်လို့ရှိရင် . . . "အတ္တဒိဋ္ဌိ" ၏ အခြေခံကို ဖျက်နိုင်ပါတယ်။

အတ္တဒိဋ္ဌိအခြေခံတွေပြိုသွားလို့ . . . "အတ္တ" ပြိုပြီဆိုရင် . . . "သောတာပတ္တိမဂ်" ကိုရသော "သောတာပန်" ဖြစ်ပါမယ်။

ဒီ "သောတာပတ္တိမဂ်ဉာဏ်" ရတာနဲ့ တစ်ပြိုင်တည်း "အတ္တ" အစွဲတွေက အလိုလိုပြိုကွဲသွားပါတယ်။ အဲဒါဟာ လုပ်ငန်းသဘောဖြစ်ပါတယ်။

ဒီလုပ်ငန်းသဘောတွေကို သေသေချာချာကိုယ်တိုင်သိမှ . . . မိမိအား ထုတ်သောတရားကို စနစ်နဲ့အားထုတ်နိုင်မှာပါ။

ဘာကြောင့် ကာယာနုပဿနာသတိပဋ္ဌာန်ကိုအား ထုတ်တယ်။ ဝေဒနာကို ဘာကြောင့် အားထုတ်တယ်၊ စိတ္တာနုပဿနာကို ဘာကြောင့်အားထုတ်တယ် . . . ဓမ္မာနုပဿနာကို ဘာကြောင့်အားထုတ်တယ်ဆိုတာကို . . . အဓိပ္ပာယ်နဲ့တကွ အကြောင်းအကျိုးဆက်စပ်၍ . . . သိရပါပြီ။ ဒါဟာအလွန်အရေးကြီးတဲ့အလုပ်ဖြစ်ပါတယ် . . . ။

လူ့ဘဝ လူ့ခန္ဓာကိုရ၍ ဘုရားပေးသော . . . ပညာများကို တကယ်အသုံးပြုနိုင်တယ်ဆိုတာဟာ . . . ဒီပညာတွေကိုတတ်မှ ဘုရားပေးသောပညာကို အဟုတ်အသုံးပြုနိုင်မှာပါ။ အသုံးပြုနိုင်မှလည်း အကျိုးတရားရပါမယ်။

ဒီ "ကိလေသဝဋ်" တွေ . . . "ကမ္မဝဋ်" တွေက လွတ်မြောက်သော အရိယာ၏



ဒါပေမယ်လို့ ပုထုဇဉ်တိုင်းမှာ . . . "ငါ" က ရှိနေပါတယ်။ အဲဒီ "ငါ" ဆိုတာကို ပါဠိလို တိုက်ရိုက်ပြန်ဆိုလိုက်တော့ "အတ္တ" လို့ပြောပါတယ်။ အဲဒီလို ငါဆိုသော "ငါ" နဲ့ ဒီ "ကံသုံးပါး" ကို ဖော်ဆောင်နေပါတယ်။

အဲဒီ ငါဆိုသော "ငါ" ၏အကြောင်းကို သေသေချာချာ စဉ်းစားရအောင် . . . "ငါ" ဆိုတာဟာ . . . ယုံကြည်မှုနဲ့တည်ဆောက်ထားသော "အစွဲ" ဖြစ်ပါတယ်။

"ငါ" ဆိုတာ "အတ္တ" ပါ

ယုံကြည်မှုဟာ "ဒိဋ္ဌိ" ပါ။

အစွဲအလမ်းဟာ . . . "ဥပါဒါန်" . . . ဖြစ်ကြပါတယ်။

ဒီတော့ "ငါ" ကို ယုံကြည်မှုအစွဲနဲ့ တည်ဆောက်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ပါဠိလိုပြောရရင် "အတ္တိဒိဋ္ဌိဥပါဒါန်" . . . လို့ ခေါ်ပါတယ်။

အခုလို . . . ဝဋ်သုံးပါးလည်တယ်၊ စက်သုံးခုလည်တယ်ဆိုတဲ့အထဲမှာ . . . "ငါ" က ဘယ်နေရာကနေပါသလဲ . . . ။ "ဝိပါကဝဋ်" က "မြင်ကိစ္စ" . . . "ကြားကိစ္စ" တွေကို ဆောင်ရွက်ပေးပါတယ်။ "ကိလေသဝဋ်" က အဓိပ္ပာယ်ဖော်ပေးတယ်။ "ကမ္မဝဋ်" မှာ . . . အဓိပ္ပာယ်တွေပြန်တိုင်း . . . "ငါ" ပါနေပါတယ်။

ဒီတော့ . . . "ငါ" ဟာ ဒီ "ဝဋ်သုံးပါး" မှာ . . . "ကိလေသဝဋ်" မှာ ပါနေပါတယ်။ "ကိလေသဝဋ်" မှာပါတဲ့ "ငါ" ဟာ . . . အမှန်တော့ . . . "အစွဲ" ထဲမှာနေတာဖြစ်ပါတယ်။ "အစွဲ" ကို "ဥပါဒါန်" လို့ ခေါ်ပါတယ်။

အစွဲတွေကလည်း . . . စွဲထားတာတွေဟာ မြောက်မြားစွာရှိပါတယ်။ အဲဒီတော့ . . . ဒီ "ငါ" က "ယုံကြည်မှု" "အစွဲ" နဲ့ နေနေပါတယ်။ "ယုံကြည်မှုအစွဲ" ဆိုတာဟာ "ဒိဋ္ဌိဥပါဒါန်" ဖြစ်ပါတယ်။

အဲဒီ "ငါ" က "ဝဋ်သုံးပါး" လည်တဲ့အထဲမှာ . . . သူက အလုပ်တွေလုပ်ပါတယ်။ အဲဒီ အလုပ်လုပ်ပုံအကြောင်း . . . သူတည်ရှိနေပုံအကြောင်း . . . တို့ကို သေသေချာချာ သိထားဖို့ လိုပါတယ်။

"ငါ" က . . . ဘဝစက်လည်အောင် "သင်္ခါရ" ဆိုတဲ့အလုပ်တွေလုပ်တဲ့အခါ . . . "ငါ" ရဲ့သဘောကို သေသေချာချာသိအောင် စဉ်းစားရပါမယ်။ "ငါ" ဟာ . . . သူဘာလုပ်ချင်သလဲ. . . ။

"ငါ" က ပိုင်ချင်တယ် . . .

"ငါ" က ပြိုင်ချင်တယ် . . .

"ငါ" က နိုင်ချင်တယ် . . . အဲဒါဟာ "ငါ" ရဲ့ သဘောဖြစ်ပါတယ်။ ငါရဲ့သဘာဝဖြစ်ပါတယ်။

"ကာယကမ္မ"၊ "ဝစီကမ္မ"၊ "မနောကမ္မ" တွေကို . . . ဒီ "ငါ" က ပိုင်ချင်တာနဲ့လုပ်တယ်။ ပြိုင်ချင်တာနဲ့ လုပ်တယ်။ နိုင်ချင်တာနဲ့လုပ်ပါတယ်။

"ငါ" က စိတ်ကို အမိန့်ပေးလိုက်ပါတယ်။ သူက ပြိုင်ချင်တယ်၊ ပိုင်ချင်တယ်၊ နိုင်ချင်တယ် လို့ဆိုတော့ . . . ငါဆိုသော "အတ္တ" က . . . စိတ်ကို အမိန့်ပေးပါတယ်။ အဲဒီတော့ "စိတ်" က အလုပ်လုပ်ရပါတယ်။ "အတ္တ" ကပေးတဲ့အမိန့်ကို နာခံပြီး . . . စိတ်ကအလုပ်လုပ်ရပါတယ်။ ဒီတော့ . . . စိတ်နဲ့လုပ်တဲ့ "မနောကံ" ဆိုတာ ဖြစ်လာပါတယ်။

အဲဒီအချက်ကို ဉာဏ်နဲ့ဆင်ခြင်ဖို့ လိုအပ်ပါတယ်။ ဘယ်သူက ခိုင်းနေတာလဲဆိုရင် . . . "အတ္တ" က . . . ခိုင်းနေတာဖြစ်ပါတယ်။

"အတ္တ" က "စိတ်" ကို ခိုင်းပါတယ်။ "စိတ်" က မနောဝိညာဉ်နဲ့လုပ်ရပါတယ်။

"မနောဝိညာဉ်" နဲ့လုပ်တော့ . . . "မနောကမ္မ" ဖြစ်လာပါတယ်။

"မနောကမ္မ" ကတဆင့် "ဝစီကမ္မ" နဲ့ ပြောခိုင်းပါတယ်။ ပြီးတော့ "ကာယကမ္မ" နဲ့ အလုပ်လုပ်ခိုင်းပါတယ်။ ဒီကံသုံးပါးကိုလုပ်တဲ့နေရာမှာ . . . "ငါ" ဆိုသော "အတ္တ" က ဝင်ပြီး ဦးစီးနေပါတယ်။

ဦးစီးတော့ . . . "ငါ" က . . . ပိုင်ချင်တယ် . . . ပြိုင်ချင်တယ် . . . နိုင်ချင်တယ်ဆိုတဲ့ . . . သဘောနဲ့ . . . "စိတ်" ကို ခိုင်းပါတယ်။ "စိတ်" ကနေတဆင့် "နှုတ်" ကို ခိုင်းပါတယ်။



သာမန်စွမ်းအားနဲ့ ဒီအုတ်မြစ်ကို မဖြိုခွဲနိုင်ပါဘူး။ ဖြိုခွဲနိုင်လောက်အောင် "ကံစွမ်းအား" က ကြီးမာလာရင် . . . အဲဒီကံစွမ်းအားကို "ဂရုကံ" လို့ ခေါ်ရပါပြီ။

"ဂရုကံ" ဆိုတဲ့အဆင့်ကိုရောက်အောင် မိမိ၏လေ့ကျင့်ခန်းနဲ့ . . . သတိအား . . . ဝီရိယအားတွေနဲ့ . . . မြှင့်တင်ပေးရပါမယ်။ "ဂရုကံ" အဆင့်သို့ရောက်ပြီဆိုရင် ဒီအခြေခံဖြစ်သော . . . "အတ္တ" ရပ်တည်ရာအုတ်မြစ်ကြီး . . . ပြိုကွဲသွားပါပြီ။ ဒါတွေဟာ . . . "ဝိပဿနာ" နဲ့ တည်ဆောက်သော "ဂရုကံ" ဖြစ်ပါတယ်။

ဒီသဘောတွေကို မိမိတို့ကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် သိရှိနားလည်ပြီးမှ . . . အားထုတ်ရပါမယ်။ အားထုတ်ရမယ့်အခြေခံအကြောင်းများကိုမှမသိရင် ဘာတွေကိုအားထုတ်ရမှန်းမသိဖြစ်ပါလိမ့်မယ်။

အခု . . . "ကာယနုပဿနာ" အလုပ်လည်း လုပ်ရပါတယ်။ "ဝေဒနာနုပဿနာ" အလုပ်လည်းလုပ်ရပါတယ်။ ပြီးတော့ "စိတ္တာနုပဿနာ" နဲ့ . . . နောက်ဆုံး "ဓမ္မနုပဿနာ" . . . အလုပ်ကို လုပ်ကြရပါမယ်။

အဲဒီပညာရပ်တွေနဲ့ . . . "ဘာဝနာ" အလုပ်ကို ပွားများ၍ ထွက်ပေါ်လာတဲ့ "ကုသလကမ္မစွမ်းအား" ဟာ "ဂရုကမ္မ" အဆင့်သို့ရောက်သည်အထိ မြှင့်တင်ဖို့ လိုအပ်ပါတယ်။

"ဂရုကမ္မ" အဆင့်ကိုရောက်မှ . . . "အတ္တ" ၏ ရပ်တည်ရာဖြစ်သော အခြေခံအုတ်မြစ်ကို . . . ဖြိုဖျက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒါဟာ . . . အလုပ်သဘာဝဖြစ်ပါတယ်။ ဒီသဘာဝတွေကို အဟုတ်တကယ်သိပြီး ဉာဏ်ထဲမှာရှင်းနေမှ . . . မိမိသွားရမယ့် လမ်းကြောင်းမှန်ကန်ပါမယ်။

ဘဝအဆင့်မြင့်ရာမြင့်ကြောင်းမှာ "အရိယာ" ဖြစ်ဖို့ဟာ . . . ပထမအဆင့်ဖြစ်ပါတယ်။

အဲဒီ "အတ္တ" ကဘာကိုမှ မဆိုင်ပါဘူး။

သူဘာမှလည်းမလုပ်နိုင်ပါဘူး။ ပိုင်သူမရှိဘူးလို့ ဆက်စပ်ပြတဲ့ ဒီပညာက . . . "အနတ္တ" ဆိုသော ပိုင်ရှင်မဲ့သဘောကို ထုတ်ဖော်ပေးပါတယ်။ အဲဒီပညာဟာ "ဓမ္မနုပဿနာပညာ" ဖြစ်ပါတယ်။

ဒီတော့ . . . "အနုပဿနာ" လေးမျိုးဖြစ်ပါတယ်။

ကာယာနုပဿနာ . . .

ဝေဒနာနုပဿနာ . . .

စိတ္တာနုပဿနာ . . .

ဓမ္မာနုပဿနာ . . . တို့ဟာ . . . ဆွေးနွေးခဲ့သော အနုပဿနာ (၄) မျိုးဖြစ်ပါတယ်။ ဒီတရားတွေကို "သုတပညာ" အနေနဲ့ ရပြီးပါပြီ . . . အဲဒါကို ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစားပါ။ "စိန္တာမယပညာ" ပွားများတာဖြစ်ပါတယ်။

ဒီလိုပွားများပြီး . . . အဓိပ္ပာယ်တွေကို တကယ်သိလာပြီဆိုတော့မှ . . . "ဘာဝနာပညာ" ကို ဆက်ပြီးပွားရပါမယ်။

အဲဒီနည်းနဲ့သာလျှင် . . . ပထမအဆင့် . . . "အတ္တဒိဋ္ဌိဥပါဒါန်" ကို . . . ဖြိုနိုင်ခွဲနိုင်မှာ ဖြစ်ပါတယ်။

"အတ္တဒိဋ္ဌိဥပါဒါန်" ကို ဖြိုခွဲဖို့အတွက် အခုနည်းပညာ (၄)မျိုးပေးထားပြီးပါပြီ။ အဲဒီလိုပွားများတယ်ဆိုတဲ့အလုပ်က . . . "ဘာဝအနာအလုပ်" ဖြစ်ပါတယ်။ "ဘာဝနာ အလုပ်" ကို တကယ်လုပ်မှ စွမ်းအားတက်လာမှာပါ။ ဘာဝနာလေးခုထဲက တစ်ခုခုကို လုပ်ရမယ်။

အဲဒီလို အလုပ်တွေလုပ်တဲ့အခါမှာ "ကံစွမ်းအား" ထွက်ပါတယ်။ အဲဒီ "ကာယာနုပဿနာ" ပဲလုပ်လုပ် . . . "ဝေဒနာနုပဿနာ" ပဲလုပ်လုပ် . . . သတိအား၊ ဝီရိယအား နဲ့ အလုပ်လုပ်ရင် . . . အဲဒီအလုပ်တွေက . . . "ကံစွမ်းအား" ထွက်လာပါတယ်။ အဲဒီ "ကံစွမ်းအား" က အလွန်အရေးကြီးနေပါတယ်။

အဲဒီ "ကံစွမ်းအား" အရှိန်ကြီးဖို့ လိုပါတယ်။



"ကိုယ်" ကို ခိုင်းတယ်။ အဲဒီတော့ "ကံသုံးပါး" ပေါ်လာရပါတယ်။ အဲဒီ "ကံသုံးပါး" နဲ့ အလုပ်လုပ်နေတာကို "ကမ္မဘဝ" လို့ ခေါ်ပါတယ်။

ပိုင်ချင်တယ်ဆိုတဲ့သဘာဝဟာ . . . "လောဘ" ဖြစ်ပါတယ်။ ပြိုင်ချင်တာက . . . "မာန" ဖြစ်ပါတယ်။ ပြီးတော့ . . . နိုင်ချင်တာက . . . "ဒေါသ" ဖြစ်ပါတယ်။ အဲဒီလောဘ . . . ဒေါသ . . . မာန . . . တွေနဲ့ "မနောကံ" တွေ လုပ်ပါတယ်။ "ဝစီကံ" တွေလုပ်တယ်။ "ကာယကံ" တွေလုပ်ပါတယ်။

အဲဒီလိုလုပ်တော့ "ကမ္မဘဝ" ကြီးလည်ပါတယ်။ ကမ္မဘဝကြီးလည်တော့ "ကံစွမ်းအား" ထွက်လာပါတယ်။ လောဘ-ဒေါသ-မာန-တွေနဲ့လုပ်နေတဲ့ "ကံစွမ်းအား" တွေက . . . "အကုသလကမ္မ" အားတွေသာ ထွက်နေရပါတယ်။ ဒါတွေဟာ "အတ္တ" က ခိုင်းလို့ လုပ်နေရတာဖြစ်ပါတယ်။

အဲဒီအဆက်အစပ်ကလေးတွေကိုသိအောင် စဉ်းစားဖို့လိုပါတယ်။ ဒီလို "အကုသလကမ္မ" တွေချည်းဖြစ်နေတော့ ဒီဘဝဟာ . . . အကျိုးမဲ့ကိုဆောင်ရွက်နေတဲ့ သဘော ဖြစ်နေပါတယ်။

အခု "အတ္တ" က ဘယ်မှာနေတာလဲဆိုရင် . . . "ကိလေသဝဋ်" လည်တဲ့အထဲမှာ "အတ္တ" က "ဥပါဒါန်" ထဲမှာ နေနေပါတယ်။ "ဒိဋ္ဌိဥပါဒါန်" ၏ နယ်ထဲမှာ "အတ္တ" က နေနေ ပါတယ်။ အစွဲတွေအမျိုးမျိုးထဲက . . . "ယုံကြည်မှုဒိဋ္ဌိအစွဲ" ထဲမှာ ဒီ "အတ္တ" က နေနေပါတယ်။ "အတ္တ" ၏နေရာကို အခုမြင်အောင်ကြည့်ဖို့ လိုပါတယ်။

"အတ္တ" ဟာ . . . ဒီ "အစွဲ" ထဲမှာနေတော့ . . . သူ့ရဲ့စွဲပုံ၊ စွဲနည်းကို သေသေချာချာ ကြည့်ရပါမယ်။

"ငါ" ဆိုသော "ငါ" က အဟုတ်ရှိနေတဲ့ရုပ်ခန္ဓာကို ဘယ်ပုံစွဲပါသလဲ . . . စွဲပုံစွဲနည်းကို သေသေချာချာသိရပါမယ်။

“ငါ” က ဒီ “ရုပ်ခန္ဓာ” ပေါ်မှာစွဲနေပါတယ်။ ဘယ်လိုစွဲပါသလဲ . . . အဲဒီ . . . စွဲနေတဲ့အစွဲ . . . ဥပါဒါန်ရဲ့အစွဲ ဘယ်လိုစွဲသလဲဆိုရင် . . . “ရုပ်ခန္ဓာ” ဟာ ခိုင်တယ်၊ မြဲတယ် လို့ စွဲပါတယ်။ “အတ္တ” က “ရုပ်ခန္ဓာ” ကို “ခိုင်တယ်၊ မြဲတယ်” လို့ . . . ယုံကြည်ပြီးတော့ စွဲနေပါတယ်။ ပြီးတော့ “အတ္တ” က ခန္ဓာကိုယ်ကို . . . “ပိုင်တယ်၊ နိုင်တယ်” လို့လည်း စွဲနေပါတယ်။ အဲဒီ “အစွဲ” (၂)ခုကို သေသေချာချာ စဉ်းစားရမယ်။

“အတ္တ” ဆိုသော “ငါ” က . . . အစွဲ (၂)ခုပေါ်မှာ ရပ်တည်နေပါတယ်။ အဲဒီအစွဲ (၂)ခုက “အခြေခံအုတ်မြစ်” အနေနဲ့ရှိနေပါတယ်။

“ခိုင်တယ်၊ မြဲတယ်” ဆိုတဲ့ အခြေခံအုတ်မြစ်က တစ်ခု၊ “ပိုင်တယ်၊ နိုင်တယ်” ဆိုတဲ့ အခြေခံအုတ်မြစ်ကတစ်ခု . . . ဆိုပြီးတော့ . . . အုတ်မြစ် (၂) ခု (PLAT FORM) ဖြစ်ပါတယ်။

“အတ္တ” က ခိုင်တယ် . . . မြဲတယ် လို့ ယုံကြည်ချက်ပေါ်မှာရပ်ပါတယ်။ ပိုင်တယ် . . . နိုင်တယ် လို့ ယုံကြည်ချက်ပေါ်မှာ ရပ်ပါတယ်။ ဟောဒီ . . . “အတ္တ” က သူဦးစီးပြီး . . . အလုပ်ဆိုသော “ကမ္မ” ဟူသမျှကို . . . “လောဘ” နဲ့ လုပ်တယ်။ “ဒေါသ” နဲ့လုပ်တယ်။ “မောဟ” နဲ့လုပ်ပါတယ်။ အဲဒီအခါ “အကုသလကံစွမ်းအား” တွေ ထွက်ပါတယ်။ “အကုသိုလ်” ဟာ . . . မကောင်းသောအကျိုးကို ပေးပါတယ်။

ဒီလို မကောင်းသောအကျိုးရဲ့အဓိကဟာ . . . “ငါ” . . . “အစွဲ” . . . “အတ္တ” ဖြစ်ပါတယ်။

အဲဒီလို အကြောင်းအကျိုးဆက်စပ်ပြီးတော့ “ငါအစွဲ” အတ္တ၏ မကောင်းကျိုးပေးသော အလုပ်များကို ဦးဆောင်သော “အတ္တ” . . . မှန်းသိရင် . . . ဒီ “အတ္တ” ကို ဖယ်ရှားရမယ်။

“အတ္တ” ဟာ ခိုင်တယ် . . . မြဲတယ် . . . ပိုင်တယ် . . . နိုင်တယ် ဆိုတဲ့ “ဥပါဒါန်” ပေါ်မှာ ရပ်တည်ပါတယ်။



အလုပ်လုပ်သမျှအားလုံး “ဖြစ်-တည်-ပျက်” နဲ့ အလုပ်လုပ်နေကြရပါတယ်။ “ဖြစ်-တည်-ပျက်” နဲ့ လုပ်သော အလုပ်ဟူသမျှသည် . . . မမြဲသော အဓိပ္ပာယ်ကိုဖော်ပြနေတာဖြစ်ပါတယ်။

မမြဲဘူးဆိုတာကို “ဝိပဿနာဉာဏ်ပညာ” ထွက်ပေါ်လာအောင် . . . အားထုတ်တဲ့အခါ . . . ဒီအနုပဿနာ သုံးခုစလုံး၏ မမြဲသောအနိစ္စလက္ခဏာကို ထုတ်ဖော်သော ပညာဖြစ်တဲ့ “ဓမ္မနုပဿနာ” ကထုတ်ဖော်ပေးပါတယ်။

“ဓမ္မာနုပဿနာ” က သဘာဝတရားတွေကို ထုတ်ဖော်ပေးပါတယ်။ သိတဲ့သဘော ဖြစ်ဖြစ် . . . စိတ်ပဲဖြစ်ဖြစ် . . . ခံစားတဲ့သဘောဖြစ်ဖြစ် . . . ရုပ်တရားပဲဖြစ်ဖြစ် . . . သူတို့က အလုပ်တွေလုပ်နေရပါတယ်။ လုပ်နေတဲ့ အလုပ်တွေကလည်း “ဖြစ်-တည်-ပျက်” နဲ့ပဲ လုပ်နေရပါတယ်။ “ဖြစ်-တည်-ပျက်” နဲ့လုပ်ရတဲ့ အလုပ်တိုင်းမှာ “မမြဲသောသဘော” ရှိနေပါတယ်။ ဒါကြောင့် မမြဲသောသဘောနဲ့ အလုပ်လုပ်နေရတယ်လို့ ပြောရပါမယ်။

“မမြဲသောသဘောနဲ့ အလုပ်လုပ်တာကို” ဆင်ခြင်တဲ့ပညာကို . . . “ဓမ္မာနုပဿနာ ပညာ” လို့ခေါ်ပါတယ်။

အဲဒီအတိုင်းပါပဲ . . . “ကာယ” ခေါ်တဲ့ “ရူပက္ခန္ဓာ” ကိုလည်း . . . ဘယ်သူကမှ မပိုင်ပါဘူး။ “ဝေဒနာ” ကိုလည်း . . . ဘယ်သူကမှ မပိုင်ပါဘူး။ “ဝိညာဏ်” ကိုလည်း . . . ဘယ်သူကမှ မပိုင်ပါဘူး။ “သူ့သဘောသူဆောင်၍ သူ့အလုပ်ကို သူလုပ်နေကြတာ” လို့ ပိုင်သူမရှိမှန်းသိလာတဲ့သဘောကို သိဖို့လိုပါတယ်။

“ပိုင်သူမရှိဘူးလို့ သိတဲ့သဘော” ရဲ့ . . . အဓိပ္ပာယ်က . . . ဘယ်လိုလဲဆိုရင် . . . “အတ္တ” ဘာမှမဆိုင်ပါဘူး။ “အနတ္တ” သဘောသာဖြစ်ပါတယ်။

အခု . . . “ပိုင်တယ်” . . . “ပိုင်တယ်” . . . လို့ လုပ်နေတာဟာ “အတ္တ” ကလုပ်နေတာဖြစ်ပါတယ်။

ဉာဏ်ပညာက . . . "ဖြစ်-တည်-ပျက်" သဘောထဲက "မမြဲခြင်း" ဆိုသောသဘောကို ထုတ်ဖော်ပေးပါတယ်။ အဲဒီဉာဏ်ပညာကို "ဝိပဿနာပညာ" လို့ ခေါ်ပါတယ်။

"သဘာဝ" ကတော့ . . . "ဖြစ်-တည်-ပျက်" ပဲ ပြောနေပါတယ်။ ဒီ "ဖြစ်-တည်-ပျက်" . . . အထဲမှာ . . . မမြဲတဲ့အဓိပ္ပာယ်ပါနေတာကို "ဝိပဿနာဉာဏ်ပညာ" က ထုတ်ဖော်ပေးနေပါတယ်။ အဲဒါက "ဝိပဿနာ" ရဲ့ အလုပ်ဖြစ်ပါတယ်။

အဲဒီ "မမြဲဘူး" ဆိုတဲ့သဘောဟာ . . . "ဖြစ်-တည်-ပျက်" နဲ့ဆက်၍ . . . ထုတ်ဖော်တဲ့နည်းပညာဖြစ်ပါတယ်။ ဒီပညာကို ဒီလိုထုတ်ဖော်ရမယ်လို့ မသိရင် . . . "ဖြစ်-တည်-ပျက်" က "ဖြစ်-တည်-ပျက်" ပဲ . . . "မမြဲ" က "မမြဲ" ပဲလို့ ထင်နေမယ်။

ဗမာတွေက . . . မွေးကတည်းက ဒီစကားတွေကြားနေရတော့ . . . "အနိစ္စ" . . . "အနိစ္စ" . . . "မမြဲ" . . . "မမြဲ" . . . ဆိုပြီးပါးစပ်ကသာရွတ်နေကြတာပါ။ ဘယ်လို "အနိစ္စ" လဲ . . . အနိစ္စ၏အဓိပ္ပာယ်ကို သဘာဝတရားထဲကထုတ်ဖော်ရမယ်ဆိုတဲ့ပညာ မပါရင် ပါးစပ်က ရွတ်တတ်တာပဲရှိတယ် . . . အဟုတ်မသိပါဘူး။

အဟုတ်မသိတော့ . . . "အတ္တ" ကစွဲနေတဲ့ အခြေခံအုတ်မြစ်ဖြစ်သော . . . ခိုင်တယ်၊ မြဲတယ်ဆိုတဲ့အစွဲကို မဖျက်နိုင်ပါဘူး။

အရေးကြီးနေတာက . . . ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ "အစွဲ" ကိုဖြုတ်ချင်တာဖြစ်ပါတယ်။ အဲဒီတော့ "သိ" တဲ့သဘောလည်း "ဖြစ်-တည်-ပျက်" နဲ့ အလုပ်လုပ်ရပါတယ်။ "ခံစားတာ" လည်း "ဖြစ်-တည်-ပျက်" နဲ့ အလုပ်လုပ်ရပါတယ်။ "ရူပက္ခန္ဓာ" ကလည်း "ဖြစ်-တည်-ပျက်" နဲ့ အလုပ်လုပ်ရပါတယ်။ အဲဒီ "ဖြစ်-တည်-ပျက်" ဆိုတာကို သဘာဝတရားက အဟုတ်ပြောနေတာဖြစ်ပါတယ်။ ဒီလို အဟုတ်ပြောတာကိုမြင်တော့ . . . "ဖြစ်-တည်-ပျက်" ဆိုတဲ့သဘောရှိနေတာဟာ . . . "မမြဲသော အဓိပ္ပာယ်" ကို ပြောနေတာလို့သိလာပါတယ်။

အလုပ်လုပ်တဲ့အထဲမှာသာ မမြဲသောသဘောရှိနေပါတယ်။ "နာမ်" ကလည်း အလုပ်လုပ်ရတယ်။ "စိတ်" ကလည်း အလုပ်လုပ်ရတယ်။ "ဝေဒနာ" လည်း အလုပ်လုပ်ရတယ်။ "ကာယ" ကလည်း အလုပ်လုပ်ရတယ်။



"အတ္တ" က ရုပ်ခန္ဓာကို သူပိုင်တယ်၊ သူနိုင်တယ်၊ မြဲတယ် . . . ခိုင်တယ်လို့ ဆိုတဲ့ အစွဲနဲ့ ရပ်တည်နေပါတယ်။

"အတ္တဒိဋ္ဌိ" ခေါ်တဲ့ . . . ငါအစွဲ . . . ယုံကြည်ချက်ကို ဖျက်မယ်ဆိုရင် . . . အခု . . . သူရပ်နေ့ . . . အုတ်မြစ် (၂)ခု . . . ရှိပါတယ်။ အဲဒီအုတ်မြစ် (၂)ခုက နှစ်ပေါင်းများစွာ ချထားခဲ့တဲ့အတွက် အလွန်ခိုင်ပါတယ်။ အဲဒီအုတ်မြစ်ကို ဖြိုနိုင်လို့ . . . ဒီအုတ်မြစ် (၂)ခု ပြိုသွားရင် . . . "အတ္တ" ဟာ မရပ်တည်နိုင်တော့ပါဘူး

"အတ္တ" ဟာ ဘယ်အပေါ်မှာ စွဲနေတာလဲဆိုရင် . . . "ရူပက္ခန္ဓာ"ခေါ်တဲ့ "ကိုယ်" ပေါ်မှာ စွဲနေပါတယ်။ "ရုပ်ခန္ဓာ" ကို ငါပိုင်တယ်၊ ငါနိုင်တယ် လို့ "အတ္တ" ကစွဲပါတယ်။ ဒီအစွဲခေါ်တဲ့ အုတ်မြစ် (၂)ခုပေါ်မှာ ဒီ "အတ္တ" က ရပ်တည်နေတာဖြစ်ပါတယ်။

"အတ္တ" အစွဲကို ပြိုအောင်လုပ်ရမယ့်နည်းပညာဆိုတာလိုအပ်ပါတယ်။ ဖြိုခွဲရမယ့် နည်းပညာကို . . . ဘုရားရှင်ကပေးပါတယ်။ အဲဒါကတော့ . . . "ကာယနုပဿနာ" ဆိုတဲ့ ပညာဖြစ်ပါတယ်။ အဲဒီနည်းပညာကိုသုံးပြီး ပထမအဆင့်အနေနဲ့ "ကာယ" ၏ အကြောင်းကို နားလည်အောင် စဉ်းစားရတယ်၊ ဆင်ခြင်ရမယ်။ အဲဒီလို စဉ်းစား . . . ဆင်ခြင်တာကို "စိန္တာမယ" ပညာလို့ ခေါ်ပါတယ်။

ဒီလို စဉ်းစားဆင်ခြင်ထားတဲ့အနက်အဓိပ္ပာယ်ကို ထပ်၍ . . . ထပ်၍ပွားများတာက "ဘာဝနာမယပညာ" ဖြစ်ပါတယ်။ ဒီ (၂)ခုနဲ့ . . . "ကာယာနုပဿနာ" ကို ပွားများရမှာ ဖြစ်ပါတယ်။

"အတ္တ" ကစွဲမြဲနေတဲ့အခြေခံအုတ်မြစ် (၂)ခုဖြစ်သော . . . ခိုင်တယ် . . . မြဲတယ်လို့ စွဲနေတဲ့အစွဲ၊ ပိုင်တယ် . . . နိုင်တယ်လို့ စွဲနေတဲ့အစွဲ (၂)ခုကို . . . "ကာယာနုပဿနာပညာ" နဲ့ ဖျက်ရပါမယ်။ အဲဒီပညာကို ပထမအဆင့်အနေနဲ့ "THEORY" ဆိုတဲ့သဘာဝကို သင်ယူပါမယ်၊ ပြီးတော့ "ဉာဏ်" နဲ့ စဉ်းစားရပါမယ်။ အဲဒါဟာ စိန္တာမယပညာဖြစ်ပါတယ်။ အဲဒီနောက် "ဘာဝနာမယပညာ" နဲ့ ပွားများရပါမယ်။

အဲဒီလို အဆင့်သုံးဆင့်နဲ့ စနစ်တကျလုပ်ရင် "အတ္တ" ရပ်တည်နေသော အခြေခံ အုတ်မြစ်တွေ ပြိုကျသွားပါမယ်။ ပြိုကျရင် "အတ္တ" ဟာ ရပ်တည်နိုင်တော့မှာမဟုတ်ပါဘူး။ အဲဒါဟာ ဘုရားပေးသောနည်းပညာဖြစ်ပါတယ်။ ဒီပညာကို "ဝိပဿနာပညာ" လို့ ခေါ်ပါတယ်။

"ကာယာနုပဿနာပညာ" ဟာ "ဝိပဿနာပညာ" ဖြစ်ပါတယ်။ ဒီ "ဝိပဿနာပညာ" ကို ပွားများခြင်း၊ အားထုတ်ခြင်းဆိုသောအလုပ်ဟာ . . . "အတ္တဒိဋ္ဌိ" က စွဲနေတဲ့အစွဲကို ဖြိုခွဲရန်ဖြစ်ပါတယ်။

"အတ္တဒိဋ္ဌိ" ကလုပ်ထားတဲ့ ငါပိုင်တယ်၊ ငါနိုင်တယ်ဆိုတဲ့အစွဲနဲ့ ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ အစွဲ (၂)ခုစလုံးကို ဖြိုခွဲလိုက်တာနဲ့ . . . "အတ္တ" ဟာ ရပ်တည်စရာမရှိဖြစ်သွားပါမယ်။

ဒီတော့ . . . "ဒိဋ္ဌိ" ဖြုတ်ဆိုတာဟာ . . . အတ္တက . . . ငါပိုင်တယ် . . . ငါနိုင်တယ် ဆိုတဲ့အစွဲကို ဖြုတ်တဲ့နည်းဖြစ်ပါတယ်။ "ကာယာနုပဿနာပညာ" နဲ့ ဖြုတ်ရမှာဖြစ်ပါတယ်။

ခိုင်တယ် . . . မြဲတယ် . . . လို့ "အတ္တ" က ယုံနေပါတယ်။ အဲဒီလို ယုံတဲ့ သဘောဟာ . . . အခြေခံအားဖြင့် သင်ထားတဲ့အတိုင်း . . . ဒီရုပ်ခန္ဓာကြီးကို စဉ်းစားပါ။ ဒီ "ရုပ်ခန္ဓာ"ကြီးကိုက အမြဲတမ်းရှင်အောင် လုပ်နေရပါတယ်။ ခန္ဓာကိုယ်အတွက် . . . "လေ" ကို စဉ်ဆက်မပြတ် ရှူသွင်းနေရတာဟာ . . . ရှင်အောင်လုပ်နေတာပါ။ "သွေး" များ စဉ်ဆက် မပြတ်လှည့်ပတ်နေရတာလည်း ရှင်အောင်လုပ်နေရတာပါ။ အဲဒါဟာ အမှန်တရားဖြစ်ပါ တယ်။

အဲဒီအမှန်တရားကို တိတိကျကျ သေသေချာချာစဉ်းစားလိုက်ရင် . . . ဒီ ဝင်လေ - ထွက်လေ အလုပ်ကလည်း မမြဲပါဘူး။ "ဖြစ်-တည်-ပျက်" နဲ့ လုပ်နေရပါတယ်။ သွေးတွေလည်း . . . "ဖြစ်-တည်-ပျက်" နဲ့ လှည့်ပတ်နေရပါတယ်။ အဲဒီ "ဖြစ်-တည်-ပျက်" ဆိုတဲ့သဘောလေးကို "စိန္တာမယဉာဏ်" နဲ့ စဉ်းစားပါမယ်။ "ခန္ဓာကိုယ်" က "ဖြစ်-တည်- ပျက်" ကိုပဲ ပြပါတယ်။ "ဖြစ်-တည်-ပျက်" ကို အခြေခံ၍ . . . ဘာအဓိပ္ပာယ်ကောက်ရမှာလဲ



မခိုင်ပါဘူး၊ ပိုင်လို့လည်း မရဘူးလို့သိလာရင် . . . "အတ္တ" ရပ်တည်နေသော အုတ်ခုံဟာ ပြိုကွဲပါမယ်။

အဲဒီလို "စိတ်" ကို ငါပိုင်လို့စွဲနေတဲ့ "အစွဲ" ကို ဖျက်ဖို့အတွက် "ပညာ" လိုပါတယ်။ အဲဒီပညာကို "စိတ္တာနုပဿနာပညာ" လို့ ခေါ်ပါတယ်။

"ရူပကာယ"ခေါ်တဲ့ ဒီခန္ဓာကိုယ်ကြီးဟာ . . . မခိုင်ပါဘူး၊ မမြဲပါဘူးလို့ . . . "ကာယာနုပဿနာ" က ရှင်းပြနေပါတယ်။

ခံစားမှု "ဝေဒနာ" တွေ မမြဲဘူးလို့ . . . "ဝေဒနာနုပဿနာ" က ပြောပြနေပါတယ်။

သိနေတဲ့ "စိတ်" ကလေး မမြဲပါဘူးလို့ . . . "စိတ္တာနုပဿနာ" က ပြောပြနေပါတယ်။ ဒါဟာ "အနုပဿနာ" သုံးမျိုးကို သိနေတာဖြစ်ပါတယ်။

အဲဒီမှာ အနှစ်ချုပ်လိုက်တော့ . . . မခိုင်မမြဲတာ၊ မပိုင်မနိုင်တာ တို့ဟာ . . . သဘာဝ ဖြစ်ပါတယ်။

ဒီ . . . ရူပက္ခန္ဓာပဲဖြစ်ဖြစ် . . . ဝေဒနက္ခန္ဓာပဲဖြစ်ဖြစ် . . . နာမက္ခန္ဓာထဲမှာပါတဲ့ ဝိညာဏက္ခန္ဓာပဲဖြစ်ဖြစ် . . . ဒီသုံးပါးစလုံး အလုပ်တွေလုပ်နေကြရပါတယ်။

"ဝိညာဏ်" က ပြောတဲ့စကားတွေကိုကြားအောင် လုပ်ပေးပါတယ်။ အဲဒါဟာ . . . ဝိညာဏ်က လုပ်တာပါ။ ဒီလိုလုပ်နေတဲ့ "ဝိညာဏ်" ရဲ့အကြောင်းကို စဉ်းစားရင် . . . "စကားလုံးတိုင်း" "စကားလုံးတိုင်း" မှာ . . . "ဖြစ်-တည်-ပျက်" နဲ့ နားလည်အောင်လုပ် နေရပါတယ်။ အဲဒီသဘောကိုသိရင် . . . "စိတ်" ဆိုသော "စိတ်" ဟာ . . . "မမြဲပါ" လို့ သိရပါမယ်။

အဲဒီ "မမြဲ" ဆိုတဲ့စကားနဲ့ သဘာဝကပြောတာကို သေသေချာချာဆက်စပ်ကြည့်ရ ပါမယ်။ သူ့အလုပ်လုပ်နေတာဟာ ဖြစ်-တည်-ပျက်နဲ့ လုပ်ပါတယ်လို့ "သဘာဝ" က ပြောနေ ပါတယ်။ "ဖြစ်-တည်-ပျက်" ဆိုတဲ့ သဘောဟာ . . . "မမြဲခြင်း" သဘောကို ပြောနေပါတယ် လို့ "ဉာဏ်ပညာ" က ထုတ်ဖော်ပေးပါတယ်။

မပိုင်ဘူး . . . မမြဲဘူးလို့သိလာရင် . . . “အတ္တ” ရပ်တည်နေသော အုတ်မြစ် (၂)ခု ပြိုကွဲပါမယ်။ “အတ္တ” ရပ်တည်နေသော အုတ်မြစ်က . . . ပိုင်တယ် . . . နိုင်တယ် . . . ခိုင်တယ် . . . မြဲတယ်နဲ့ ရပ်တည်နေတာဖြစ်ပါတယ်။ သေသေချာချာ ခံစားမှုဝေဒနာကို စီစစ်ဝေဖန်၍ . . . ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ . . .

ခံစားမှုအားလုံးဟာ . . . မမြဲပါဘူး . . . ဘယ်သူမှလည်း မပိုင်ပါဘူး။ အဲဒီလို သိလာပါတယ်။ ခံစားမှုခေါ်တဲ့ “ဝေဒနက္ခန္ဓာ” ကို “အတ္တ” က ပိုင်တယ်၊ နိုင်တယ်လို့ စွဲနေပါတယ်။ အဲဒီတော့ . . . မပိုင်ဘူး၊ မခိုင်ဘူးဆိုတဲ့သဘောကို “ဝေဒနာနုပဿနာ” ပညာက ပြောပါတယ်။

ဒီတော့ . . . “အတ္တ” ရပ်တည်နေသော “ဝေဒနာက္ခန္ဓာ” ပေါ်မှာ စွဲပြီးတော့ . . . ပိုင်တယ် . . . နိုင်တယ် . . . ခိုင်တယ် . . . မြဲတယ် . . . ဆိုတဲ့ “အစွဲဉပါဒါန်” တည်ရာ အုတ်မြစ် (၂)ခုဟာ ပြိုကျသွားပါတယ်။ ဒါကြောင့် “အတ္တ” ကဆက်၍ ရပ်တည်စရာမရှိတော့ပါဘူး။ ဒါဟာ လုပ်ငန်းသဘောဖြစ်ပါတယ်။

ဘာကြောင့် . . . “ကာယာနုပဿနာ” နဲ့ “ဝေဒနာနုပဿနာ” တို့ကို ပွားရတယ်ဆိုတာကို . . . ဒီအကြောင်းအရာနဲ့ဆက်စပ်၍ ဆင်ခြင်ရပါမယ်။ ဒါမှသာ ဒီအဓိပ္ပာယ်ကို သိပြီးပွားဖို့ လိုအပ်တယ်ဆိုတာကို သိပါလိမ့်မယ်။

အဲဒီမှာ . . . ခံစားမှုက “ဝေဒနာ”၊ သိမှု က “ဝိညာဉ်” . . . ဖြစ်ပါတယ်။

ဝိညာဉ်အဖွဲ့ကြီးကို . . . “ဝိညာဏက္ခန္ဓာ” လို့ ခေါ်ပါတယ်။ အဲဒီ “အသိ” လို့ခေါ်တဲ့ “ဝိညာဏက္ခန္ဓာ” ကြီးကိုလည်း “အတ္တ” က . . . “ငါသိတာ” လို့ ထင်နေပါတယ်။ ဒါတင်မကပါဘူး ဒီ “အသိ” ကို မြဲတယ် . . . ခိုင်တယ် . . . လို့လည်း “အတ္တ” က ယုံနေပါသေးတယ်။

အဲဒီ “စိတ်” ထဲမှာပါနေတဲ့ “ဝိညာဏစေတ်” ကို ရှုမှတ်ရပါမယ်။ ပွားများရပါမယ်။ ရှုမှတ်ပွားများတဲ့အခါမှာ . . . “စိတ်” ရဲ့သဘောဟာ . . . မြဲလည်း မမြဲပါဘူး၊ ခိုင်လည်း



ဆိုရင် “မမြဲသောအနိစ္စ” အဓိပ္ပာယ်ကို . . . သိအောင် လုပ်ရပါမယ်။ ဒီအဓိပ္ပာယ်ကို “ဖြစ်-တည်-ပျက်” ထဲက ထုတ်ယူရပါတယ်။

“ဖြစ်-တည်-ပျက်” ထဲက “အနိစ္စ” ဆိုသော အသိပညာကို . . . ကိုယ်ပိုင်ဉာဏ် စိန္တာမယဉာဏ်နဲ့ ထုတ်ယူရပါတယ်။ ဒီအကြောင်းအရာတွေကို သေသေချာချာ အချက်ကျကျ စဉ်းစားပါ။

မမြဲဘူးဆိုတဲ့သဘောကို ခန္ဓာကိုယ်ဟာ “ဖြစ်-တည်-ပျက်” နဲ့ အလုပ်လုပ်နေတာကို ပြောနေတာပါ။ “ဖြစ်-တည်-ပျက်” နဲ့ အလုပ်လုပ်နေရတယ်ဆိုတာဟာ . . . “လေ” က ဝင်သွား . . . ပြီးတော့ ပြန်ထွက်လာ . . . သူ့ထဲမှာပါလာတဲ့ “အောက်စီဂျင်” ($O_2$) တွေ ပျက်သွား . . . “ကာဗွန်ဒိုင်အောက်ဆိုက်” ($CO_2$) တွေဖြစ်လာ . . . အဲဒီလို သဘာဝတရားတွေ “ဖြစ်-တည်-ပျက်” နဲ့ . . . အလုပ်လုပ်နေရတာဟာ အမှန်ဖြစ်ပါတယ်။

အဲဒီအမှန်တရားကို မလေ့လာဘူး . . . မဆင်ခြင်ဘူးတော့ “အတ္တ” က . . . “မြဲတယ်” လို့ ဆုပ်ကိုင်နေပါတယ်။ အဲဒီလို ဆုပ်ကိုင်ထားတဲ့ “ခိုင်တယ်၊ မြဲတယ်” ဆိုတဲ့အစွဲကို “ကာယာနုပဿနာပညာ” နဲ့ ဖျက်ရပါတယ်။ အဲဒီပညာက ပြောပြနေတာက . . . “လေ” လည်း မမြဲပါဘူး။ “သွေး” လည်း မမြဲပါဘူး၊ “အပူဓါတ်” တွေလည်း မမြဲဘူး . . . မမြဲတဲ့ သဘောအဟုတ်အမှန်ကို ဉာဏ်နဲ့ဆင်ခြင်ရင် . . . ဒီ ခန္ဓာကိုယ်ကြီးကို . . . မြဲတယ် . . . ခိုင်တယ် . . . လို့ . . . ယုံနေတဲ့ “အတ္တ” ၏ အခြေခံအုတ်မြစ်ဟာ . . . ပြိုကွဲရပါမယ်။

ဒီတော့ . . . နောက်ထပ်တစ်ဆင့် . . . “ပိုင်တယ်”၊ “နိုင်တယ်” လို့ . . . ပြောနေပါတယ်။ သူလည်း အတူတူပါပဲ . . . ဒီ ဝင်လေ . . . ထွက်လေ . . . ကို ပြန်ကြည့်ပါ. . . ဒီလေဟာဘယ်ကလာပါသလဲ . . . ကမ္ဘာကြီးတစ်ခုလုံးကို ခြုံလွှမ်းထားတဲ့လေထုကြီးရှိပါတယ်။ အဲဒီလေထုကြီးထဲက . . . ကိုယ့်နှာခေါင်းထဲကိုဝင်သွားတဲ့ အစိတ်အပိုင်းဖြစ်တဲ့ . . . “လေ” ကလေးပါ။

အဲဒီ "လေ" လေးဟာ . . . ဒီ လေထုကြီးနဲ့တစ်ဆက်တည်းဖြစ်ပါတယ်။ ဒီလေထုကြီးကို ပိုင်သော ပုဂ္ဂိုလ်ရှိပါသလား . . . ပိုင်လို့မရတာအမှန်ပါပဲ။ အဲဒီလေထုကြီးကို မပိုင်နိုင်သလိုပဲ . . . ဝင်သွင်းတဲ့ "လေ" လေးကိုလည်းမပိုင်ပါဘူး။ သို့သော် ဒီ "လေ" က . . . ခန္ဓာကိုယ်ဖြစ်အောင် ထောက်ပံ့တည်ဆောက်ပေးပါတယ်။

"လေ" က ရူပက္ခန္ဓာကို တည်ဆောက်ပေးပါတယ်။ အဲဒီ "လေ" ကို ဘယ်သူကမှ ပိုင်လို့မရပါဘူး။ အဲဒါဟာ အမှန်တရားဖြစ်ပါတယ်။ အဲဒီအမှန်တရားကို ဉာဏ်ကမြင်ပါတယ်။ "ဝိပဿနာဉာဏ်" က မြင်တာဖြစ်ပါတယ်။ ဒီလိုအမှန်ကို မြင်ပြီဆိုရင် "ပိုင်တယ်" "နိုင်တယ်" ဆိုတဲ့ "အစွဲ" လည်း ပျောက်ကွယ်သွားပါမယ်။

ဒီအုတ်မြစ် (၂)ခု ပြိုကွဲသွားပြီဆိုရင် . . . "အတ္တ" ရပ်တည်စရာ . . . မရှိတော့ပါဘူး။ အဲဒီတော့ "အတ္တ" ဖြုတ်တယ်၊ "ဒိဋ္ဌိ" ဖြုတ်တယ်ဆိုတာဟာ . . . စနစ်နဲ့ဖြုတ်ရပါတယ်။

အခုလိုအပ်နေတာက "ကာယာနုပဿနာပညာ" ဖြစ်ပါတယ်။ အဲဒီပညာနဲ့ပွားများအားထုတ်ပါတယ်။ အဲဒါဟာ "ဝိပဿနာဘာဝနာ" ဖြစ်ပါတယ်။

အဲဒီ "ငါ" ရဲ့အစွဲခြေခံမှာ . . . "အတ္တ" က "စိတ်" ကိုလည်းပဲ ခိုင်တယ်၊ မြဲတယ်လို့ ထင်ပါတယ်။ ပိုင်တယ်၊ နိုင်တယ်လို့ ထင်ပါတယ်။ အဲဒီမှာ . . . "စိတ်" ကို ခွဲလိုက်ရင်. . . စိတ်မှာ . . . သိတဲ့သဘော . . . ခံစားတဲ့သဘောတွေ ရှိနေပါတယ်။ အဲဒီမှာ . . . "ခံစား" တဲ့သဘောက ထင်ရှားပါတယ်။

"လျှာ" မှာဖြစ်တဲ့ အရသာများကို "ခံစားမှု" နဲ့ သိပါတယ်။ စိတ်ထဲမှာပါတာက . . .

"သိခြင်း" သဘောကတစ်မျိုး . . .

"ခံစားခြင်း" သဘောကတစ်မျိုး . . . ပါနေပါတယ်။

"ခံစားခြင်း" သဘောက "လျှာ" မှာ ဖြစ်လာသော အချို အချဉ်ကို သူက ခံစားပါတယ်။ "နှာခေါင်း" မှာ ဖြစ်လာတဲ့ "အနံ့" အမျိုးမျိုးကို . . . ခံစားတယ်။ "ကိုယ်" မှာဖြစ်သော "အတွေ့" အမျိုးမျိုးကို . . . ခံစားပါတယ်။ အဲဒါကို "ဝေဒနာ" လို့ ခေါ်ပါတယ်။



အဲဒီ "ဝေဒနာ" ဟာ ဝေဒနာအဖြစ်နဲ့ ပေါ်လာသော်လည်းပဲ . . . "အတ္တ" က . . . ဒီအရသာကို ခံစားနေတာဟာ . . . "ငါ" လို့ ယုံကြည်နေပါတယ်။ "ငါ" လို့ ယုံကြည်နေရုံတင် မကပါဘူး။ ဒီ "အရသာ" ကို "ငါပိုင်" တယ် လို့လည်း ယုံကြည်နေပါတယ်။ အဲဒါကို "ခိုင်တယ်၊ မြဲတယ်" . . . လို့လည်း ယုံကြည်နေပါတယ်။

ဒီတော့ . . . "အတ္တ" က . . . "ဝေဒနာ" ဆိုသော ခံစားမှုအမျိုးမျိုးကို . . . ငါပိုင်တယ် . . . ငါနိုင်တယ် . . . ခိုင်တယ် . . . မြဲတယ် . . . လို့ ယုံကြည်နေပါတယ်။ ယုံကြည်မှုကလည်း စွဲမြဲနေပါတယ်။ အဲဒီလို ခံစားမှုအဖွဲ့ကြီးကို "ဝေဒနက္ခန္ဓာ" လို့ ခေါ်ပါတယ်။

အဲဒီ "ဝေဒနက္ခန္ဓာ" ကြီးကို "အတ္တ" က ငါပိုင်တယ် . . . ခိုင်တယ် . . . မြဲတယ်. . . လို့ စွဲနေပါတယ်။ အဲဒီအစွဲကို ဖြုတ်ရပါမယ်။ ဖြုတ်မယ်ဆိုရင် . . . "ပညာ" လိုပါတယ်။ အဲဒီပညာက . . . ဒီ "ကာယနုပဿနာ" လိုပါပဲ . . . "ဝေဒနာနုပဿနာပညာ" လိုအပ်ပါတယ်။

"ဝေဒနာ" ဆိုတာ ခံစားမှုအမျိုးမျိုးကို ရှုမှတ်ပွားများတဲ့ပညာဖြစ်ပါတယ်။ အဲဒီမှာ . . . "ကာယိကဝေဒနာ" ဆိုတာရှိပါတယ်။ သူဟာ ရူပက္ခန္ဓာမှာဖြစ်တဲ့ ဝေဒနာဖြစ်ပါတယ်။ အရှေ့ပြောမှာ တပ်ဆင်ထားတဲ့ "ကာယပသာဒ" တွေကြောင့် . . . ဖြစ်ပေါ်လာတဲ့ ဝေဒနာ (၃)မျိုး ရှိပါတယ်။

ဆင်းရဲတဲ့ . . . "ဒုက္ခဝေဒနာ" . . .

ချမ်းသာတဲ့ . . . "သုခဝေဒနာ" . . .

ဆင်းရဲလည်းမဟုတ် . . . ချမ်းသာလည်းမဟုတ်သော "အဒုက္ခမသုခဝေဒနာ" (၃)ပါးလို့ ခေါ်ပါတယ်။

အဲဒီသဘောတွေကို သေသေချာချာ နှလုံးသွင်းဆင်ခြင်လို့ရှိရင် . . . ဒီ "ဝေဒနာ" ကို "အတ္တ" က ဘယ်လိုမှ မပိုင်ဘူးဆိုတာကို . . . သိလာပါမယ်။ မပိုင်ရုံတင်မကပါဘူး. . . သူတို့ဟာ မြဲလည်းမမြဲဘူးဆိုတာ သိလာပါတယ်။

## အတ္တဒိဋ္ဌိ ... ရှိလျှင် ... အပါယ်ကျမည်

> သဗ္ဗာနိ စ   အပါယဂါမိနီကမ္မာနိ နာမ
> အတ္တဒိဋ္ဌိ ယာ   သတိယာ ဧဝ   အာပဇ္ဇတိ၊
> အသတိယာ   န အာပဇ္ဇတိ ။

သဗ္ဗာနိ စ ............ အလုံးစုံလည်းဖြစ်ကုန်သော

အပါယဂါမိနီကမ္မာနိ နာမ................ အပါယ်သို့လားစေသော

ကံတို့မည်သည်ကား

အတ္တဒိဋ္ဌိ ယာ ................ အတ္တဒိဋ္ဌိသည် (ဝါ) မိစ္ဆာဒိဋ္ဌိသည်

သတိယာ ဧဝ ................ ရှိမှသာလျှင်

အာပဇ္ဇတိ ................ ရောက်ရ၏။

အသတိယာ ................

C   L   D

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ (ရန်ကုန်)

**ဆရာကြီး ဦးဖြေးအောင်**
**(မဟာသဒ္ဓမ္မဇောတိကဓဇ)**
၏

# (၂၅) ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်း

မှ

**ဟောပြောချက်များ**

(၂၀) ဝိပဿနာဘာဝနာ နှင့် ဂရုကမ္မ . . . ( ၂၉ - ၄ - ၂၀၀၇ )

(သင်တန်းသားများအတွက်သာ)

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ (ရန်ကုန်) မှ ဖြန့်ချိသည်။

C   D